# ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်

**ပြန်လည်ထူထောင်ရေးနှင့် အခွင့်အလမ်းများ မြှင့်တင်ခြင်း မိခင်နှင့်ကလေးအတွက် ကူညီပံ့ပိုးမှုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

## Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ် ဆိုသည်မှာ အဘယ်နည်း။

Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်ဆိုသည်မှာ မူးယစ်ဆေးဝါးစွဲလန်းနေသော သို့မဟုတ် မူးယစ်ဆေးဝါးစွဲလန်းမှုဒဏ်ကို ခံနေရသော ကိုယ်ဝန်ဆောင် Medicaid အဖွဲ့ဝင်များအတွက် မိမိဆန္ဒအလျောက် ပါဝင်နိုင်သော အခမဲ့ပရိုဂရမ် ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရည်ရွယ်ချက်များမှာ-

- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ရရှိရန်နှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရန်
- ပြန်လည်ကျန်းမာလာစေရန်အတွက် ကုသရေးဝန်ဆောင်မှုများကို ရယူနိုင်ရန်
- ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးနောက်ပိုင်း 12 လအတွင်း မိခင်နှင့် မွေးကင်းစကလေးအတွက် ထောက်ပံ့မှုများ ဆက်လက်ရရှိရန်
- မျှော်လင့်ချက်ရှိစေရန်နှင့် အနာဂတ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို ချမှတ်ရန်

## Indiana ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်က အဘယ်ကြောင့် အရေးကြီးသနည်း။

- Indiana တွင် မိခင်များသေဆုံးမှု၏ အဓိကဦးဆောင်သည့်အကြောင်းရင်းမှာ မူးယစ်ဆေးဝါးစွဲလန်းမှုကြောင့် ဖြစ်သည်
- ကိုယ်ဝန်ဆောင်စဉ်အတွင်း မူးယစ်ဆေးဝါးစွဲလန်းမှုကို ကုသနိုင်သည့် ထိရောက်သော နည်းလမ်းများစွာရှိသည်
- မူးယစ်ဆေးသုံးစွဲမှုကို ကိုယ်ဝန်ဆောင်စဉ်အတွင်း ကုသခြင်းသည် မိခင်ရော မွေးကင်းစကလေးငယ်ကိုပါ ထိခိုက်စေသော သက်ရောက်မှုများနှင့် အန္တရာယ်များအား လျော့ကျနိုင်စေသည်

## မည်သူများ ပါဝင်နိုင်သနည်း။

ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်ကို Indiana ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ရရှိနိုင်ပါသည်။ သတ်မှတ်ချက် ပြည့်မီရန်အတွက် ပါဝင်သူများသည် အောက်ပါစံသတ်မှတ်ချက်များကို ပြည့်မီရမည်-

- ကိုယ်ဝန်ရှိခြင်း သို့မဟုတ် ကိုယ်ဝန်မရှိတော့သည်မှာ ရက်ပေါင်း 90 အတွင်းဖြစ်ခြင်း
- လက်ရှိ မူးယစ်ဆေးဝါး သုံးစွဲကြောင်း သို့မဟုတ် ယခင်ကသုံးစွဲခဲ့ကြောင်း သတ်မှတ်ခံထားရခြင်း
- Medicaid ကျန်းမာရေးအာမခံအတွက် သတ်မှတ်ချက်ပြည့်မီခြင်း သို့မဟုတ် အဆိုပါအာမခံ ရရှိထားခြင်း

**Office of Medicaid Policy & Planning**

*ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရန်ပုံငွေ (တစ်စိတ်တစ်ပိုင်း) ကို Indiana Family and Social Services Administration (Indiana မိသားစုနှင့် လူမှုဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) ၏ Division of Mental Health and Addiction (စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲဌာနခွဲ) နှင့် ဖက်ဒရယ် Substance Abuse and Mental Health Services Administration (မူးယစ်ဆေးဝါးစွဲလန်းမှုနှင့် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) ၏ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးစ အမျိုးသမီးများအတွက် ပြည်နယ်ရှေ့ပြေး ပရိုဂရမ်တို့က ပံ့ပိုးပေးထားသည်။*

# ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်

**ပြန်လည်ထူထောင်ရေးနှင့် အခွင့်အလမ်းများ မြှင့်တင်ခြင်း မိခင်နှင့်ကလေးအတွက် ကူညီပံ့ပိုးမှုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

## ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ အကျိုးခံစားခွင့်များမှာ အဘယ်နည်း။

- **ချိတ်ဆက်ပေးခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်တွင် ပါဝင်သူများကို အမှုတွဲကိုင် မန်နေဂျာတစ်ဦးနှင့် ချိတ်ဆက်ပေးပါမည်။ စာရင်းသွင်းထားစဉ်အတွင်း မိခင်များနှင့် မွေးကင်းစကလေးငယ်များ ကျန်းမာပြီး အဆင်ပြေစေရန် လိုအပ်သော စောင့်ရှောက်မှုနှင့် အရင်းအမြစ်များကို ရရှိနိုင်စေရန် အမှုတွဲကိုင်မန်နေဂျာများက လျှို့ဝှက်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးပါမည်။
- **ညှိနှိုင်းဆောင်ရွက်ပေးခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ အမှုတွဲကိုင် မန်နေဂျာများသည် ပြုစုစောင့်ရှောက်မှုများကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် မိသားစုများအတွက် လူမှုအသိုင်းအဝိုင်းအတွင်းရှိ အရင်းအမြစ်များကို ဖော်ထုတ်နိုင်ရန် ပါဝင်သူများ၊ ၎င်းတို့၏ ဆရာဝန်များနှင့် စောင့်ရှောက်မှုပေးသူအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ပါမည်။
- **ကာကွယ်ခြင်း-** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အကူအညီပေးရေး ပရိုဂရမ်၏ ရည်ရွယ်ချက်မှာ ကိုယ်ဝန်ဆောင် အမျိုးသမီးများကို ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသမှုများနှင့် တတ်နိုင်သမျှ စောစောချိတ်ဆက်ပေးခြင်းဖြင့် မိဘနှင့် ကလေးအပေါ် သက်ရောက်နေသော မူးယစ်ဆေးဝါးစွဲလန်းမှုဆိုးကျိုးများကို လျှော့ချရန်နှင့် ကာကွယ်ရန်ဖြစ်သည်။

သင်ကိုယ်တိုင် သို့မဟုတ် သင့်အသိ တစ်စုံတစ်ဦးကို ရည်ညွှန်းရန်

**www.PregnancyPromise.in.gov သို့ဝင်ရောက်ကြည့်ရှုပါ၊ အီးမေးလ် PregnancyPromise@fssa.in.gov သို့ဆက်သွယ်ပါ သို့မဟုတ် 317-234-5336 ကိုခေါ်ဆိုပါ သို့မဟုတ် ခေါ်ဆိုခ အခမဲ့နံပါတ် 888-467-2717 ကိုခေါ်ဆိုပါ။**



**Office of Medicaid Policy & Planning**


STATE OF INDIANA FAMILY AND SOCIAL SERVICES ADMINISTRATION
402 W. Washington St., Room W374, Indianapolis, IN 46204-2739
www.fssa.in.gov



Indiana Family and Social Services Administration (Indiana မိသားစုနှင့် လူမှုဝန်ဆောင်မှုများ စီမံခန့်ခွဲရေးဌာန) သည် လူမျိုး၊ အသားအရောင်၊ အယူဝါဒ၊ လိင်အမျိုးအစား၊ အသက်၊ မသန်စွမ်းမှု၊ နိုင်ငံဇာတိ သို့မဟုတ် မျိုးရိုးပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုပါ။



#6369 | မေလ 22 ရက်၊ 2025 ခုနှစ် မနက် 8:56